

ဝန်ဇင်း
Read on the Move
သစ္စာနီ
သတ္တရာဇ်မျဉ်းများ
ခေတ်ပြိုင်အနုပညာဂရပ်

# အမှာ စကား

## ရည်ညွှန်းချက် ...

## ၂၀၀၀ ... ပြည့်နှစ် သို့

## အမှာ စကား

ဤစာအုပ်ငယ်မှာ အနုပညာဂျာနယ်တွင် (၁၀) ပတ်တိုင်တိုင် အပတ်စဉ်ဖော်ပြခဲ့သော ဆောင်းပါးများ ကို စုစည်း ထုတ်ဝေလိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုစာအုပ်ကို ပြုစုရန် အခြေခံအ ဖြစ် နယူးယော့မှာ ထုတ်ဝေသော "Artspeak" မဂ္ဂဇင်းမှ ဂရပ်ကို အမှီပြုခဲ့ပါသည်။ သို့ သော် မူရင်းမှာ ပန်းချီဝါဒတစ်ခုတည်းကိုသာ အားပြု ဖော်ပြထားပါသဖြင့် ၊ တခြား အနုပညာရပ်များ (ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတ) စသဖြင့် စုံလင်နိုင်သမျှစုံစုံလင်လင် ပါဝင်အောင်၊ မိမိဖာသာ ရှာဖွေစု ဆောင်း ဖြည့်စွက်ခဲ့ရပါသည်။

အနှစ် ငါးဆယ်အတွင် း ဖြစ်ထွန်းခဲ့သော အနုပညာလက်ရာများ အနက်မှ အမှတ်ရထိုက် သည့်ထင်သော လက်ရာများ ကို ရွေးချယ်ဖော်ပြခဲ့သော် လည်း၊ မိမိ၏ အဖက်ဖက်မှ ချို့ယွင်းချက် ကြောင့် ပါသင့်ပါထိုက်သော် လည်း၊ ကြွင်းကျန်ရစ်ခဲ့သည့် အနုပညာလက်ရာများ ရှိမည် ပင် ဖြစ် ကြောင်း ကြိုတင်ဝန်ခံပါသည်။ မိမိသဘောကျသလို ဖြည့်စွက်နိုင်ပါသည်။

ဤစာအုပ်ပါ အနုပညာသစ်များ ၏ ဝါဒများ ကို ထိုက်တန်သရွေ့ ပြည့်ပြည့်ဝဝ ဖြစ်အောင် ဖော်ပြချင်သော် လည်း "ဂရပ်" ဆိုသော စကားနှင့် လျော်ညီအောင် ကောက်ကြောင်းမျှကိုသာ ဖော် ပြနိုင်ခဲ့ပါသည်။ ခေတ်၊ သက္ကရာဇ်၊ နိုင်ငံတကာ တခြားထင်ရှားသော အ ဖြစ်အပျက်များ နှင့် အနုပ ညာသစ်များ ဖြစ်ထွန်းမှု ၊ ဆက်နွယ်ခြင်းရှိမရှိ စေ့ငှ သုံးသပ်နိုင်ရုံသာ ရည်ရွယ်ပါသည်။ မော်ဒန်ဝါဒ မရှိတော့ဘူးဆိုတာ မဟုတ်ကြောင်း၊ စဉ်ဆက်မပြတ် ထွန်းကားနေသည့် ခေတ်သစ်အနုပညာဝါဒ များ နှင့်

လက်ရာအဖုံဖုံကို၊ အနုပညာသစ်အား ခံမင်စွဲလမ်းသူတို့ အာသာပြေရုံမျှ သိရလျှင်ပင် ဤ
စာအုပ်ထုတ်ဝေရကျိုး နပ်ပြီဟု ယူဆပါကြောင်း။

လေးစားလျက်

သစ္စာနီ

(၁.၁.၂၀၀၀)

•••

# အခန်း (၁)

## ၁၉၄၅

ထရူးမင်း အမေရိကန်နိုင်ငံ၏ သမ္မတ ဖြစ်လာသည်။ ဟီရိုရှီးမားနှင့် နာဂါစကီမြို့ များ ပေါ်သို့ အနုမြူဗုံး ကြဲခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသည်။ ဟစ်တလာ ကိုယ့်ကိုယ်ကို သတ် သေသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို ဆန်ဖရန်စစ္စကိုမြို့ တွင် လက်မှတ်ရေး ထိုးခဲ့ကြသည်။

အီတလီနိုင်ငံတွင် ဒါရိုက်တာရောဘတ်တိုရိုစလီးနီးက Open City ဆိုသော ဇာတ်ကားကို ရိုက်ကူးလိုက်ရာမှ သရုပ်မှန်ဝါဒသစ် Neo Realism ဆိုသည့် လမ်းကြောင်းတစ်ခု ရုပ်ရှင်လောက တွင် ပေါ်ပေါက်လာ၏ ။ (ဒုတိယကမ္ဘာစစ် မတိုင်မီက ကမ္ဘာတစ်ဝှမ်းလုံးလိုလိုပင် ရုပ်ရှင်ကားများ ကို ကြီးကျယ်ခမ်းနားသည့် ကုမ္ပဏီပိုင် စတူဒီယိုကြီးများ တွင် သာ လိုအပ်သမျှသော ဆက်တင်အခမ်း အနားများ ကို ဆောက်လုပ်၍ စိတ်တိုင်းကျ ရိုက်ကူးလေ့ရှိကြ၏ ။ စစ်ပြီးသော အခါ စစ်ဒဏ်ကြောင့် ရုပ်ရှင်စတူဒီယိုကြီးများ အားလုံးလိုလိုပင် ဆုံးရှုံးလျက်ရှိရာ ရိုစလီနီးသည် သူ့ရုပ်ရှင်ကားကို တကယ့်သဘာဝ မြို့ ပျက်ကြီးနှင့် လမ်းများ ပေါ်တွင် သာ ရိုက်ကူးခဲ့ရ၏ ။ ထိုသဘာဝ ကျလှသော အစစ်အမှန် မြင်ကွင်းများ က ပရိသတ်အာရုံကို ဆန်းသစ်စေခဲ့လေသည်။)

ကမ္ဘာကျော် ဆာရီရယ်လစ်ဇင်း၊ ပန်းချီကျော် ဒါလီက သဲထိတ်ရင်ဖိုဝိဋ္ဌာ၊ ဒါရိုက်တာကြီး အဲ့ ဖရက်ဟစ်ကော့၏ Spell Bound Sequence အတွက် ဒီဇိုင်းထုတ်လုပ်ပေးခဲ့သည်။

ပြင်သစ်ပန်းချီဆရာ Jeam Dubuffet က Art Brut (ဘရွတ် ဟု အသံထွက်ပါ။) ဟူသော အမည် ကို တီထွင်အသုံးပြုလိုက်သည်။ အဓိပ္ပါယ်မှာ အကြမ်းထည်ပန်းချီ Raw Art ဟု ပြောရပေ မည် ။ ကလေးပန်းချီနှင့် ထုံအ,သော ပန်းချီဆရာမျာ း ၊ စိတ် ရောဂါ သည် ပန်းချီဆရာမျာ း ၏ လက်ရာ ကို အမွှန်းတင်သော

သဘော ဖြစ်သည်။ ဤကဲ့သို့ လက်ရာနှင့် အယူအဆများ ထွက်ပေါ်လာ အောင် Dubuffet ကို အကြီးအကျယ် ဩဇာညောင်းခဲ့သော စာအုပ်မှာ ၁၉၂၂ခုနှစ် တွင် ထုတ်ဝေ ခဲ့သည့် Hans Prin Zhorn ၏ စိတ္တဇပန်းချီ (The Art of the Lnsance) ဆိုသော စာအုပ် ဖြစ်၏ ။

၁၉၄၆

ကိုးနှစ် ကြာမြင့်မည့် ပြင်သစ်၊ ဗီယက်နမ်စစ်ပွဲ စတင် ဖြစ်ပွားသည်။ ဝန်စတန်ချာချီက ကွန်မြူနစ်နိုင်ငံများ ကို "သံကန့်လန့်ကာ" ဟု စတင်ဝေဖန်သုံးစွဲလိုက်၏ ။ ဆိုဗီယက်နိုင်ငံတွင် ဘော ရစ်ပါစတာနတ်၏ ဒေါက်တာဇီဗားဂိုးဝတ္ထုထွက်ပေါ်လာသည်။ ပစ္စည်းမဲ့တော် လှန်ရေး အပေါ် သုံး သပ်ချက်များ ကြောင့် ကမ္ဘာတွင် ဂယက်ထခဲ့သည်။ (ထိုဝတ္ထုမှ ၁၉၅၈ တွင် ကမ္ဘာကျော်စာပေဆုရသည်။ စာရေး ဆရာ သွားရောက်မယူ)

နယူးယော့ ခေတ်ပြိုင်ပန်းချီလောကတွင် Robert Coaten ပထမဆုံးအနေဖြင့် Abstract Expressionism ဆိုသော ဝေါဟာရကို ထွင်ကာ စတင်သုံးစွဲခဲ့သည်။ (ထိုဝါဒမှာ အမေရိကန်နိုင်ငံ တွင် ၁၉၅၀ ခုနှစ် များ တွင် ပေါ်ပေါက်ခဲ့သော ဝါဒ ဖြစ်ကာ ထင်ရှားသော ပန်းချီဆရာမျာ း မှာ ဒူကူးနင်၊ ဂျက်ဆင်ပိုးလော့၊ ဘားနက်၊ နယူးမင်း၊ ဗီးလစ်၊ ဂစ္စတွန်၊ ဖရန့်ကလိုင်း စသူများ ဖြစ်၏ ။ စိတ္တဇအင်ပရက်ရှင်းနစ်ဇင်း လှုပ်ရှားမှု သည် အမေရိကန်မှတစ်ဆင့် ဥရောပသို့ ကူးစက်သွားသည်။ ထိုဩဇာဖြင့် ရေး သော ဥရောပပန်းချီ ဆရာမျာ း မှာ Ennst Fernand Leger Pret Mondraian စသူ တို့ ဖြစ်၏ ။ ဥရောပတွင် မူ မူကွဲတစ်ခုအနေဖြင့် ထိုဝါဒကို Art Jnformel ဟု သုံးနှုန်းကြသည်။ ပြင်သစ် ပန်းချီဝေဖန်ရေး ဆရာ Michel Topie ၁၉၅၂ တွင် ထုတ်ဝေသော Another Art စာအုပ် တွင် ရှုပါ)

၁၉၄၇

အိန္ဒိယနိုင်ငံသည် ဗြိတိသျှလက်အောက်မှ လွတ်မြောက်ကာ အိန္ဒိယနှင့် ပါကစ္စတန်ဟု နှစ် ပိုင်းကွဲသွားသည်။ ဗြိတိသျှဘုရင်မ အယ်လီဇဘက်နှင့် မင်းသားဖီးလစ်တို့

လက်ထပ်ကြသည်။ ခေတ်ပြိုင် အနုပညာ ပန်းချီသိပ္ပံ Institute of Contemparary Arts ကျောင်းတော် ကြီးကို လန်ဒန် မြို့ တွင် အုတ်မြစ်ချခဲ့သည်။

## ၁၉၄၈

ထရူးမင်း အမေရိကန်သမ္မတအ ဖြစ် ဒုတိယအကြိမ် အရွေးချယ်ခံရသည်။ အစ္စရေး နိုင်ငံ ထူ ထောင်ရန် ပြည်ပတွင် နေသူများ အား ပြောင်းရွှေ့လာရန် ဖိတ်ခေါ်သည်။ မဟတ္တမဂန္ဒီ လုပ်ကြံခံရ သည်။ အော်ဆန်ဝဲလ်၏ ကမ္ဘာကျော် Citzen Kane ဇာတ်ကား ထွက်ပေါ်လာသည်။ (ထိုကားမှာ အနုပညာ ပြောင်မြောက်လွန်းမှု ကြောင့် ယနေ့တိုင် စံထားလေ့လာနေရသော ဇာတ်ကား ဖြစ်သည်) နောက်ပိုင်းတွင် အော်ဆန်ဝဲလ်သည် ဂျာမနီမှ ကမ္ဘာကျော်စာရေး ဆရာ ကပ်ဖကာ၏ စီရင်ချက် The Trail ဇာတ်ကားကိုလည်း ရုပ်ရှင်ရိုက်ပြခဲ့သည်။ ထိုဝတ္ထုမှာ နားလည်ရခက်သဖြင့် နာမည် ကြီး သည်။ မြန်မာပြည်တွင် အင်မတန် လူကြိုက်များ သော အမေရိကန် သင်္ကေတဝါဒီ ကဗျာဆရာကြီး တီးအက်စ်အဲလီယော့ ကမ္ဘာကျော်စာပေဆုကြီး ချီးမြှင့်ခံရသည်။

## ၁၉၄၉

တရုတ်နိုင်ငံ ပြည်တွင်း စစ် ပြီးဆုံးသွားသည်။ နေတိုးစစ်စာချုပ်အဖွဲ့ ပေါ်ပေါက်လာသည်။ ဂျာမနီသည် အရှေ့နှင့် အနောက်ဟု နှစ် ခြမ်းကွဲသွားသည်။ ဆိုဗီယက်နိုင်ငံက သူ၏ ပထမဆုံးအနု မြူပုံးကို စမ်းသပ်ဖောက်ခွဲခဲ့သည်။

ပြင်သစ်မှ နိုင်ငံကျော် ဖြစ်တည်မှု ပဓါနဝါဒီဆရာမ ကြီး စီမွန်းဒီဗိုးဗွား၏ ဒုတိယလိင် The Second Sex အမည် ရှိသော စာအုပ်ထွက်လာသည်။ (နောင်အနှစ် ငါးဆယ်တိတိ ကြာသော အခါ၊ ထိုစာအုပ်ကို မြသန်းတင့်က "မိန်းမတို့အကြောင်း" အမည် ဖြင့် မြန်မာပြန်ဆိုကာ ထုတ်ဝေခဲ့သည်။) တစ်အုပ်တည်းရေး ကာ ကမ္ဘာကျော်ခဲ့သော Gone with the wind စာအုပ်ရေး သားခဲ့သူ စာရေး ဆရာမ ကြီး မားဂရက်မစ်ချယ် ကွယ်လွန်သည်။ ဂျော့အော်ဝဲလ်၏ ခေတ်ကြို(၁၉၈၄) စာအုပ် ထုတ် ဝေခဲ့၏ ။

အက်စတာဒမ်မြို့ တွင် ပထမဆုံး CoBrA ပန်းချီပြပွဲ ပြသခဲ့၏ ။ (မြောက်ဥရောပတွင် ၁၉၈၄ မှ ၅၁ အတွင်း ပေါ်ထွန်းခဲ့သော ဝါဒ ဖြစ်သည်။ ဦးဆောင်လှုပ်ရှားခဲ့သူများ မှာ Pierre Alechinsky (ဘဲလ်ဂျီယမ်)၊ Karel Apple (နယ်သာလန်)၊ Asger Jorn (ဒိန်းမတ်) စသူတို့ ဖြစ်သည်။ CoBrA ဆိုသော အမည် မှာ ထိုဝါဒကို ဦးဆောင်သော ပန်းချီဆရာတစ်စု နေထိုင်သည့် မြို့ သုံးမြို့ ကိုပင် ဟေဂင် (Copenhagen)၊ ဘရပ်ဆဲလ် (Brussels)၊ အက်စတာဒမ် (Amsterdan) အမည် များ ကို ပေါင်းစပ်မှည့်ခေါ်ထားခြင်း ဖြစ်သည်။ နောက်ပိုင်းတွင် သူတို့ရေး ဟန်ကြောင့် ပန်းချီလောကတွင် CoBrA စတိုင်လ်ဟူသော အရောင် ပြည့်ပြည့် လျှမ်းလျှမ်း၊ စုတ်ချက်ရဲရဲ ကြမ်းကြမ်းရေး နည်းတစ်မျိုး ခေတ်စားခဲ့၏ ။)

## ၁၉၅၀

ကိုရီးယားနိုင်ငံတွင် ပြည်တွင်းစစ် စတင် ဖြစ်ပွားသည်။ နှစ် ဆယ်ရာစုခေတ်၏ အတွေး အခေါ်ရှင်ကြီးဟု နာမည် ကြီးသော ဘာထရန်ရပ်ဆဲလ် ကမ္ဘာ့ကျော်စာပေဆု ချီးမြှင့်ခြင်းခံရသည်။ သူသည် ဝတ္ထုများ လည်း ရေး ဖွဲ့သူ ဖြစ်သည်။ နယူးယော့မှ တိုးတက်သော ဒေါ်သကုမ္ဘာရလူငယ် ပန်းချီဆရာတစ်စုက ရှေးဆန်လွန်းသော မက်ထရိုပိုလီတန် အနုပညာပြတိုက်၏ သဘောထားကို ကန့်ကွက်ဆန့်ကျင်ကြသည်။

## ၁၉၅၁

ဝင်စတန်ချာချီ ဒုတိယအကြိမ် ဗြိတိသျှဝန်ကြီးချုပ်အ ဖြစ် ရွေးချယ်ခံရသည်။ ဂျပန်ဒါရိုက် တာကြီး ကူရိုဆားဝါး၏ ရာရှိုးမွန်း Rashomon ရုပ်ရှင်ဇာတ်ကား ပြင်သစ်နိုင်ငံတကာ ပွဲတော် တွင် ဆုရရှိခဲ့သည်။ အာရှနိုင်ငံများ မှ ပထမဆုံးဆုရှင် ဖြစ်သည်။ ရာရှိုးမွန်း၏ မူရင်းဝတ္ထုမှာ ဂျပန်စာရေး ဆရာကြီး အကူတာဂါဝါး ဖြစ်၏ ။ နောက်ဆုံး CoBrA ပန်းချီပြပွဲကို ကျင်းပခဲ့သည်။ "ပန်းချီဆရာမျာ း နှင့် ကဗျာဆရာအပေါ် ဒါဒါဝါဒ၏

ပြဇာ”ဆိုသော စာအုပ်ကို Robert Mother well က တည်းဖြတ် ထုတ်ဝေခဲ့သည်။

Jean Dufuffet သည် Art Brut ပန်းချီဝါဒနှင့် ပတ်သက်သော Anti-Cultural Positions ဆိုသည့် ဟောပြောချက်ကို ချီကာဂို အနုပညာကလပ်တွင် ဖြန့်ဖြူးပို့ချခဲ့သည်။

## ၁၉၅၂

အမေရိကန်တွင် အိုက်စင်ဟောင်းဝါး သမ္မတ ဖြစ်လာကာ၊ ပထမဆုံး ဟိုက်ဒရိုဂျင်ဗုံးကို စမ်းသပ်ဖောက်ခွဲခဲ့သည်။

ဆင်မြူရယ်ဘက်ကက်သည် သူ၏ ကမ္ဘာကျော် Waiting For Godot ပြဇာတ်ကို ရေး သား ထုတ်ဝေခဲ့သည်။

Micheal Tapien ၏ Another Art ဆိုသော စာအုပ်ကို ရိုက်နှိပ်ထုတ်ဝေလိုက်ရာမှ Art Informel ဆိုသော ဝေါဟာရ ခေတ်စားလာသည်။ (၁၉၅၀ ခုနှစ် များ အတွင်း ပါရီတွင် ပေါ်ထွန်း လာသော ပန်းချီဝါဒ တစ်ခု ဖြစ်သည်။) Informelism စည်းမျဉ်းမဲ့ဝါဒဟု အဓိပ္ပါယ်ဖွင့်ဆိုရမည် ။ သူ့ တွင် လိုက်နာရမည့် ပန်းချီစည်းကမ်းဟူ၍ တိတိကျကျ မည် မည် ရရ မရှိ။ Georges Mathieu ၏ စုတ်တံကို ရေး ချင်သလို ပစ်စလက်ခတ် လျှောက်ရေး ခြင်းမျိုး၊ ဆေးတောင့်ထဲမှ ဆေးကို စုတ်တံ အသုံးမပြုဘဲ တိုက်ရိုက် ကင်းဗတ်ပေါ်တွင် ညှစ်တာမျိုး၊ နောက်ပိုင်း Abstract Expressionist ပန်းချီဆရာ ဂျက်ဆင်ပိုးလော့၏ ဆေးစက်ချ ရေး နည်း ဖြစ်သော Drip Paintings နည်းတို့မှာ ဤဝါဒမှ ဆင်းသက်လာသည်ဟု ဆိုနိုင်လေသည်။

ဟာရိုးရိုဇင်ဘတ်၏ Action Painting ပန်းချီ ပေါ်ထွန်းလာသည်။ လွတ်လပ်သော အုပ်စုက ခေတ်ပြိုင် ပန်းချီသိပ္ပံကျောင်းကို လန်ဒန်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းမှာ Pop Art အနုပညာ ပေါ် ထွန်းရေး အတွက် များ စွာ အထောက်အကူ ပြုခဲ့လေသည်။

•••